အခန်း(၁)၌ အနုရှင်းဖြာဝန္စာနာဖြင့် ဓမ္မစာပေများကို အနှစ်ရာယ်ကင်းစွာဖြင့် ပြီးမြောက်အောင် ရေးသားနိုင်ခဲ့ပါသည်။ ဘဝသံသရာ၌ ဆွေမျိုးမတော်သူ မရှိသဖြင့် စာဖတ်သူဆွေမျိုးများအား ဓမ္မစာပေဖြင့် ကျေးဇူးပြုခဲ့ပါသည်။

အခန်း(၂)၌ "ကာဠုဒေဝိလငိုခြင်း" ဟူသောခေါင်းစဉ်ဖြင့် ကာဠုဒေဝိလကဲ့သို့ ဘုရားတရားတော်မနာနိုင်သည့် အပြစ်ရှိရာဘုံဘဝသို့ မရောက်အောင် အစွန်းမရောက်ဘဲ အသိအမြင် မှန်ကန်ရန် တင်ပြရေးသားထားသည်။

အခန်း(၃)၌ "အတွေ့"ဟူသော ခေါင်းစဉ်ဖြင့် အခါကောင်း အခွင့်ကောင်း ကြုံသည့်အခိုက် ဘုရားတရားတော်နှင့် တွေ့ဖို့ ကြိုးစားအားထုတ်ရန် တင်ပြထားသည်။

အခန်း(၄)၌ "ဟုန်းဟုန်းတောက်လို့သာ" ခေါင်းစဉ်ဖြင့် ခန္ဓာကိုယ်၌ ရာဂ, ဒေါသ, မောဟ, ဇာတိ, ဇရာ, မရဏ, သောက-ပရိဒေဝ, ဒုက္ခ, ဒေါမနဿ, ဥပါယာသ ဟူသော ၁၁-မီးတို့လောင်နေပုံကို ပြထားသည်။

အခန်း(၅)၌ "မရှိမှန် အရှိမှန်, သမုတ်မှန်, အဟုတ်မှန်" ဟု စုံစုံလင်လင် ခေါင်းစဉ်တပ်နိုင်သော်လည်း မရှိ မှန်နှင့် အရှိမှန် ဟု ခေါင်းစဉ်တပ်ထားသော စာများဖြင့် ပညတ်နှင့် ပရမတ်ကို အရာအားလျော်စွာ သိရှိ၍ အကျိုးရှိအောင် ကျင့်ကြံလိုက်နာကြရန် တင်ပြထားသည်။

အခန်း(၆)၌ ဓမ္မအတွေ့အကြုံဟူသော ခေါင်းစဉ်ဖြင့် ဘဝ၌ တွေ့ကြုံဆုံစည်းကြခိုက် ဆွေမျိုးမိတ်ဆွေများ တရားဆွေးနွေး၍ ကိုယ်စီကိုယ်စီ လက်တွေ့ကျင့်သုံးရန် တင်ပြထားသည်။

အခန်း(၇)၌ မတရားဘူးဟုထင်ရသည့် တချို့အရာများမှာ ပညာဉာဏ်ဖြင့် ကျိုးကြောင်းထောက်ဆ ဆင်ခြင်လျှင် တရားသည်သာ ဖြစ်ကြောင်း တင်ပြထားသည်။

အခန်း(၈)၌ အသားလွတ်လော, သက်သတ်လွတ်လောဟူသော ခေါင်းစဉ်ဖြင့် သူ့နေရာနှင့်သူ အသားလွတ်, သက်သတ်လွတ်(၂)မျိုးလုံး မှန်ကြောင်း တင်ပြထားသည်။

အခန်း(၉)၌ "တစ်ဆူဘုရားတည်ထားကိုးကွယ်ရန်" ဟူသော ခေါင်းစဉ်ဖြင့် ဘုရားဆင်းတုတော်ရုပ်ပွားစေတီတော်များကို ဖူးမြော်ပြီး ဘုရားဂုဏ်၊ တရားဂုဏ်၊ သံဃာ့ဂုဏ်တော်များကို ပွားများလျက် နှလုံးသား၌ ဘုရားတည်ထားရန် တင်ပြထားသည်။

အခန်း(၁၀)၌ "လေးအသင်္ချေ နှင့် ကမ္ဘာတစ်သိန်းအထက်၌" ဟူသော ခေါင်းစဉ်ဖြင့် ဘုရားအဆူဆူတို့ ဘုရားမဖြစ်မီ ဘုရားလောင်းဘဝ ပါရမီဖြည့်ကျင့်ရပုံနှင့် ဘုရားသာသနာနှင့် ကြုံရခိုက် မသိမဖြစ် မလုပ်မဖြစ် မကျင့်မဖြစ်သော အလုပ်(၁)ခုဖြစ်သည့် မြတ်စွာဘုရားဟောကြားအပ်သော သီလ, သမာဓိ, ပညာ, သိက္ခာ(၃)ရပ်ကို ဖြည့်ဆည်းလျက် နိဗ္ဗာန်ရောက်အောင် ကျင့်ကြံ အားထုတ်နိုင်ပါစေဟု ဆုတောင်းထားသည်။

အခန်း(၁၁)၌ "ရဲ, မရဲ" ဟူသော ခေါင်းစဉ်ဖြင့် ဝိပဿနာအလုပ်ကိုအားထုတ်၍ "အသေရဲ" နိုင်ကြပါစေဟု ဆန္ဒပြုထားသည်။

အခန်း(၁၂)၌ "ခေါင်းစဉ်မတပ်သော ပဋိစ္စသမုပ္ပါဒ်ဖြင့်" ဟူသော ခေါင်းစဉ်ဖြင့် လောက၌ တစ်ဦးနှင့်တစ်ဦး အရေးကိစ္စရှိလျှင် ကျေးဇူးပြုကူညီခြင်းမှာ ခေါင်းစဉ်မတပ်သော ကြောင်းကျိုး ပဋိစ္စသမုပ္ပါဒ်များဖြစ်သည်ဟု တင်ပြထားသည်။